# ၁။ အနှစ်ချုပ်အစီရင်ခံစာ (မြန်မာဘာသာ)

## ၁.၁။ နိဒါန်း

Dawei Development Public Company Limited (DDPC) မှ တနင်္သာရီတိုင်းဒေသကြီး ၊ လောင်းလုံမြို့နယ်၊မောင်းမကန်ကျေးရွာအုပ်စုအနီးတွင် Orchid Garden Resort ဟိုတယ်စက်မှုဇုံအား တည်ဆောက်လည်ပတ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားရှိပြီးသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း (၂၀၁၅) တို့အရ အဆိုပြုဟိုတယ်စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination – IEE)အားလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများအား လုပ်ဆောင်လျက်ရှိသည့်တတိယအဖွဲ့အစည်း (Third Party) တစ်ခုဖြစ်သည့် Ever Green Tech Environmental Services and Training Co., Ltd. ဖြင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁.၂။ စီမံကိန်းတည်နေရာ

အဆိုပြုစီမံကိန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ကျေးရွာအုပ်စု၊ မောင်းမကန်ကမ်းခြေတွင် မြောက်လတ္တီကျူ (19°9’23.54˝) နှင့် အရှေ့လောင်ဂျီကျူ (98°5’25.76˝) တွင် တည်ရှိပါသည်။ စီမံကိန်း၏ စုစုပေါင်းဧရိယာသည် ၆၀.၄၈ ဧကဖြစ်သည်။ ထိုစီမံကိန်းတည်နေရာပုံကို အောက်ပါပုံတွင်ဖော်ပြထားပါသည်။




ပုံ -. စီမံကိန်းတည်နေရာပြမြေပုံ

## ၁.၃။ စီမံကိန်းအဆိုပြုသူ အကျဉ်းဖော်ပြချက်အကျဉ်း

စီမံကိန်းအဆိုပြုသူအကျဉ်းအား အောက်ပါဇယားတွင်ဖော်ပြထားရှိပါသည်။

| | |
|---|---|
| စီမံကိန်းအဆိုပြုသူ | ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင် ကုမ္ပဏီလီမိတက် (DDPC) |
| ကုမ္ပဏီအမျိုးအစား | အများပိုင်ကုမ္ပဏီလီမိတက် |
| စီမံကိန်းအမျိုးအစား | Orchid Garden Resort ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း |
| ပါဝင်မည့်အဆောက်အဦးများ | နှစ်ခန်းတွဲ အဆောက်အအုံ ၄၄ လုံး (အခန်းစုစုပေါင်း ၈၈ ခန်း)၊ ဆယ်ခန်းတွဲ အဆောက်အဦး ၁ လုံး (အခန်း ၁၀ ခန်း)၊ ဘန်ဂလိုအလုံး ၅၀ (စုစုပေါင်း အခန်း ၅၀) |
| စီမံကိန်းဧရိယာ | ၆၀.၄၈ ဧက |
| ကုမ္ပဏီ လိပ်စာ | u ajr ကောင်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ထိမ်သစ်ရပ်ကွက်၊ ထားဝယ်မြို့။<br>ဖုန်းနံပါတ် - 059 – 2023955 , 2023956 , 2023958<br>အီးမေးလ် - secretary@ddpcmyanmar.com, cg@ddpcmyanmar.com |
| Facebook | http://daweidevelopmentpublic.blogspot.com/ |
| Website | www.ddpcmyanmar.com |
| ဆက်သွယ်ရန်ပုဂ္ဂိုလ် | ဦးသန်းထွန်းဦး<br>စီနီယာအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး<br>၀၉-၅၁၅၁၆၉၃<br>အီးမေး - ed1@ddpcmyanmar.com |

## ၁.၄။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၏ရည်ရွယ်ချက်

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပြင်ဆင်ရခြင်းမှာ အဆိုပြုစီမံကိန်း၏ ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို ဆန်းစစ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် စီမံကိန်း၏ တည်ဆောက်ရေး၊ လုပ်ငန်းလည်ပတ်ရေးနှင့် လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်ဆင့်တို့ရှိ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတိုင်းအတာများကို ဖော်ထုတ်၊ အကောင်အထည်ဖော်၊ စောင့်ကြည့် လေ့လာရန်၊ သို့မဟုတ် စီမံကိန်း၏လုပ်ငန်းလည်ပတ်နိုင်မှုစွမ်းရည်ကို မြှင့်တင်ခြင်းနှင့်တစ်ပြိုင်တည်းတွင် သဘာဝ

ပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေး အဓိကထား လုပ်ဆောင်နိုင်ရန်ဟူ၍ဖြစ်သည်။ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း နယ်နိမိတ်သည် ထောက်ပံ့ရေးလုပ်ငန်းများအပါအဝင် ဟိုတယ်စီမံကိန်း လုပ်ငန်းလည်ပတ်မှုဧရိယာအားလုံးအတွက် အကျုံးဝင်သည်။ ဤအစီရင်ခံစာသည် အဆိုပြု ဟိုတယ်စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော သွယ်ဝိုက်ဖြစ်စေ ထပ်တိုးသက်ရောက်ခြင်းဖြစ်စေ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများကို ရွေးချယ်ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက် (DDPC)မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတင်ပြ ခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- စီမံကိန်းအနီးပတ်ဝန်းကျင်ကို စီမံကိန်းလုပ်ငန်းများကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာနှင့် ယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်နိုင်မှုများကိုဆန်းစစ်ရန်။
- စီမံကိန်းအကောင်အထည်ဖော်ခြင်းကြောင့်ထိခိုက်နိုင်မည့် ဒေသခံလူထု၏ စီမံကိန်းအပေါ်သဘောထားကို သိရှိနိုင်ရန် လူထုတွေ့ဆုံပွဲများလုပ်ဆောင်သတ်မှတ်ရန်။
- စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကိုလျော့ချရန်နိုင်သည့် အစီအစဉ်များကိုဆောင်ရွက်ရန်။
- စီမံကိန်းလုပ်ငန်းစဉ်များသည် ဆိုးကျိုးများလျှော့ချပေးနိုင်သည့်နည်းများနှင့် စောင့်ကြည့်လေ့လာရေး အစီအစဉ်များအတိုင်း လုပ်ဆောင်နေကြောင်း အစီရင်ခံစာများ ရေးသားဖော်ပြ နိုင်ရန်။
- ဆိုးကျိုးများလျော့ချပေးနိုင်မည့် နည်းလမ်းများနှင့် စောင့်ကြည့်လေ့လာမည့် အစီအစဉ်များကို တာဝန်ယူမည့်လူ (သို့) အဖွဲ့ ကိုသတ်မှတ်ပေးရန်။

## ၁.၅။ ပါဝင်သောပညာရှင်များနှင့်၎င်းတို့၏ လုပ်ငန်းတာဝန်များ

အစီရင်ခံစာရေးဆွဲရာတွင်ပါဝင်သောပညာရှင်များနှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်အသီးသီးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| Name | Degree | Responsibility | Experiences |
|---|---|---|---|
| 1. Dr. Kyaw Swar Tint | Ph.D. (Mining) | Noise and Environmental Management | At least 7 yrs experiences in environmental related field |


| | | | |
|---|---|---|---|
| 2. Dr. Thein Tun | Ph.D. (Metallurgy) | Soil Quality | At least 4 yrs experiences in environmental related field |
| 3. Dr. Myo Min Tun | Ph.D. (Metallurgy) | Air Quality | At least 4 yrs experiences in environmental related field |
| 4. Dr. Ei Mon Aung | Ph.D. (Chemical) | Process, Utilities and Wastewater Treatment | At least 3 yrs experiences in environmental related field |
| 5. Dr. Kyaw Zay Moe | Ph.D. (Botany) | Flora Diversity | At least 3 yrs experiences in environmental related field |
| 6. Dr. Ko Myint | Ph.D. (Zoology) | Fauna Diversity | At least 3 yrs experiences in environmental related field |
| 7. Dr. Khon Aung | M.B.B.S (Ygn) | Occupational Safety and Health | At least 5 yrs experiences in environmental related field |
| 8. U Min Aung | M.Sc. (Chemistry) | Water Quality | At least 6 yrs experiences in environmental related field |
| 9. Ms. Thazin Htwe | M.S. (Environmental Assessment and Management); Dip in Applied Psychology | Public Consultation and Participation | At least 4 yrs experiences in environmental related field |
| 10. Ma Nandar Nwe | M.S. (Environmental Assessment and Management); Dip in Applied Psychology | Risk Assessment and Management | At least 4 yrs experiences in environmental related field |
| 11. Mg Yaw Ma Nar | B.Sc. (Forestry), Dip. In EIA/EMS | Environmental Baseline Study | At least 3 yrs experiences in environmental related field |
| 12. Ma May Thet Zaw | M.E. (Civil) | Water Resources Management and Hydrology | At least 3 yrs experiences in environmental related field |
| 13. Ma Nay Chi Win Mg | M.E. (Civil) | Traffic | At least 2 yrs experiences in environmental related field |
| 14. Dr. Win Swe | Ph.D (Geology) | Oceanography and Hydrology | At least 2 yrs experiences in environmental related field |
| 15. U Aung Naing Tun | L.L.B, M.B.A, M.A (B.L), M.A (TEFL) | Laws and Regulations | At least 4 yrs experiences in environmental related field |

## ၁.၆။ မူဝါဒ၊ ဥပဒေဆိုင်ရာနှင့် အခြားလိုအပ်ချက်များ

**အမျိုးသားအဆင့်သတ်မှတ်ချက်များ**

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄) နှင့် မြန်မာနိုင်ငံ၏ အမျိုးသားပတ်ဝန်းကျင်မူဝါဒ(၁၉၉၄) အရ၊ ပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲရေးအတွက် ဥပဒေဆိုင်ရာများကို ထောက်ပံပေးသော(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်နေ့တွင်ထွက်ရှိလာသည့် မြန်မာပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)ကို ဆောင်ရွက်ရာတွင်(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင်ထွက်ရှိလာသည့် မြန်မာ့အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု(NEQ) လမ်းညွှန်ချက်များနှင့်အညီပြုလုပ်ခဲ့ပါသည်။လမ်းညွှန်ချက်များသည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(IFC)၊ ပတ်ဝန်းကျင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး(EHS)လမ်းညွှန်ချက်များ အပေါ်များစွာအခြေပြုထားပြီး၊ ဆူညံမှုနှင့်တုန်ခါမှု၊ လေထုတ်လွှတ်မှုနှင့် စွန့်ထုတ်အရည်စွန့်ထုတ်မှုများ အပါအဝင် အမျိုးမျိုးသောပတ်ဝန်းကျင်ဆိုင်ရာသတ်မှတ်ချက်များ၏ ကွပ်ကဲရေးနှင့်ထိန်းချုပ်ရေးတို့အတွက် အခြေခံစနစ်ကိုအထောက်အကူပြုပါသည်။ လုပ်ငန်းစဉ်၏အကျဉ်း (ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းမှ ထုတ်ယူထားပါသည်)ကို ပုံတွင်ဖော်ပြထားပါသည်။




ပုံ - ကနဦးဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်

## ၁.၇။ အဆိုပြုစီမံကိန်းနှင့် ပက်သက်သည့် ဥပဒေနှင့် နည်းဥပဒေများ

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားရှိပြီးသော အဆိုပြုစီမံကိန်းနှင့်သက်ဆိုင်သည့်မူဝါဒ၊ ဥပဒေဆိုင်ရာနှင့်အဖွဲ့အစည်း ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ဥပဒေများအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ဇယား - မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ နည်းဥပဒေများ

| Laws and Regulations | Year |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၀၀၈ |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ | ၂၀၁၄ |
| ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များ | ၂၀၁၅ |
| အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ | ၂၀၁၅ |
| တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်ရေးဥပဒေ | ၂၀၁၅ |
| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၀၁၆ |
| အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၂၀၁၁ |
| အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ | ၂၀၁၂ |
| အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၀၁၃ |
| ခွင့်နှင့်အားလပ်ရက်အက်ဥပဒေ | ၂၀၁၄ |
| အနည်းဆုံးအခကြေးငွေဥပဒေ | ၂၀၁၃ |
| အခကြေးငွေပေးချေမှုဥပဒေ | ၂၀၁၆ |
| မြန်မာ့အာမခံဥပဒေ | ၁၉၉၃ |
| လူမှုဖူလုံရေးဥပဒေ | ၂၀၁၂ |
| အလုပ်သမားလျော်ကြေးဥပဒေ | ၁၉၅၁ |
| မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ | ၂၀၁၅ |
| အမျိုးသားအစားအသောက်ဆိုင်ရာဥပဒေ | ၁၉၉၇ |
| ပြည်သူ့ကျန်းမာရေးဥပဒေ | ၁၉၇၂ |
| မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ | ၁၉၉၀ |
| မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ | ၁၉၉၃ |
| ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ | ၁၉၉၀ |
| သစ်တောဥပဒေ | ၁၉၉၂ |
| တောရိုင်းတိရစ္ဆာန်နှင့်တောရိုင်းအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ | ၁၉၉၄ |
| ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ | ၁၉၉၈ |
| ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ရေးဥပဒေ | ၁၉၉၅ |
| ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များသုံးစွဲမှုထိန်းချုပ်ရေးဥပဒ | ၂၀၀၆ |
| ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းစိမ်းရေးဥပဒေ | ၂၀၀၆ |
| မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ | ၂၀၁၅ |
| လယ်ယာမြေဥပဒေ | ၂၀၁၂ |
| ရှေးဟောင်းပစ္စည်းများကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ | ၂၀၁၅ |
| ရှေးဟောင်းအမွေအနှစ်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ | ၂၀၁၅ |
| ဓာတုဗေဒအန္တရာယ်နှင့်ဆက်စပ်ပစ္စည်းများကာကွယ်ရေးဥပဒေ | ၂၀၁၃ |

| | |
|---|---|
| ရေချိုငါးလုပ်ငန်းဥပဒေ | ၁၉၉၁ |
| မော်တော်ယာဉ်ဥပဒေ | ၂၀၁၅ |
| မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ | ၂၀၁၃ |

## ၁.၈။ ပါဝင်သော အဆောက်အဦးများအကျဉ်းချုပ်

စီမံကိန်းတွင် အခန်း ၁၀ ခန်းပါ၊ ၂ ခန်းပါ ကြယ်ပွင့်အဆင့်ဟိုတယ်နှင့် ကျေးလက်ရိုးရာဘန်ဂလိုတို့ပါဝင်သည်။ ထောက်ပံ့ရေးဝန်ဆောင်မှုဆိုင်ရာ အဆောက်အအုံများ (ဝန်ထမ်းအိမ်ယာ၊ ရုံးခန်း၊ ရေကူးကန်၊ ဒိုဘီ၊ ကိုယ်ပိုင်မီးစက် စသဖြင့်) တို့အား ဟိုတယ်ဧရိယာ၏တောင်ဘက်ပိုင်းတွင်တည်ဆောက်ထားမည်ဖြစ်ပြီး ရေဆိုးသန့်စင်စက်ရုံ၊ ထရန်စဖော်မာနှင့် ယာယီလုပ်ငန်းခွင်သုံးစခန်းတို့အားလည်း လုပ်ငန်းတည်ဆောက်စဉ်အတွင်း ထည့်သွင်းဆောက်လုပ်ထားမည်ဖြစ်သည်။ စီမံကိန်း၏ တည်ဆောက်ရေးကာလ ပထမအဆင့်တွင် အခန်းစုစုပေါင်း ၁၄၈ ခန်းပါဝင်မည်ဖြစ်သည်။ ၎င်းတို့တွင် အဆောက်အဦးတစ်ခုလျှင် အခန်း၂ ခန်း ပါဝင် ၍ တစ်ထပ်အဆောက်အအုံ ၄၄ လုံး (စုစုပေါင်း ၈၈ ခန်းရှိ)၊ အဆောက်အဦးတစ်ခုလျှင် အခန်း ၁၀ ခန်း ပါဝင်သည့် တစ်ထပ်အဆောက်အအုံ ၁ လုံး (စုစုပေါင်း ၁၀ ခန်း)၊ နှင့် ကျေးလက်ရိုးရာဘန်ဂလိုအဆောက် အအုံ ၅၀ လုံး (စုစုပေါင်း ၅၀ ခန်း) တို့ပါဝင်သည်။

## ၁.၉။ စီမံကိန်းအကြောင်းအရာဖော်ပြချက်

စီမံကိန်းအကျဉ်းအား အောက်ပါဇယားတွင်ဖော်ပြထားရှိပါသည်။


| အကြောင်းအရာ | ဖော်ပြချက် |
|---|---|
| ရည်ရွယ်ချက် | မောင်းမကန်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်။ |
| **စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု** | |
| အစိုင်အခဲ စွန့်ပစ်ပစ္စည်း | ပြန်လည်အသုံးပြုနိုင်သော လုပ်ငန်းသုံးအမှိုက်များ နှင့် အိမ်သုံးအမှိုက်များ ပြန် လည်အသုံးပြုသွားမည်ဖြစ်ပါသည်။ ၎င်း အမှိုက်များအား အမျိုးအစားခွဲခြားပြီး စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်သွားမည် ဖြစ် ပါသည်။ |
| စွန့်ပစ်ရေ | ထွက်ရှိလာသောရေဆိုးများကို သန့်စင်ပြီး ပြန်လည်အသုံးပြု ပါမည်။ |
| **အခြေခံအဆောက်အဦးများ** | |
| ရုံး နှင့်လုပ်ငန်းဆိုင်ရာများ | ရုံးခန်းကို စီမံခန့်ခွဲမှုအပိုင်းလုပ်ဆောင်နိုင်ရန် ဆောက်လုပ်ထားပါသည်။ |

| | |
|---|---|
| ဆက်သွယ်မှုလမ်း အမျိုးအစား | ထားဝယ် - မောင်းမကန် လမ်းမကြီးဘေး ကပ်လျှက်တွင် ဟိုတယ်ကို တည်ဆောက်ထားပါသည်။ |
| **အလုပ်သမား ခန့်ထားနိုင်မှု** | |
| အလုပ်သမား ခန့်ထားနိုင်မှု | ၁။ လုပ်ငန်းခွင်အကြို တည်ဆောက်ခြင်း ကာလ<br>လုပ်ငန်းခွင် အကြိုတည်ဆောက်ခြင်းကာလတွင် အလုပ်သမားဦးရေ (၁၀) ဦးခန့်သာထားရှိမည်ဖြစ်ပြီး၊ အနီးဆုံးကျေးရွာမှ လူများကိုသာအများဆုံး ခန့်အပ်သွားမည်ဖြစ်သည်။ |
| | ၂။ လုပ်ငန်းခွင် တည်ဆောက်ခြင်းကာလ<br>လုပ်ငန်းခွင်တည်ဆောက်ခြင်းကာလတွင် အလုပ်သမားဦးရေ (၃၀) ခန့်ထားရှိမည်ဖြစ်ပြီး၊ ထိုဒေသမှ ဒေသခံပြည်သူအယောက် (၂၀) ခန့် ခန့်အပ်ထားနိုင်မည်ဖြစ်ပါသည်။ |
| | ၃။ စီမံကိန်း လည်ပတ်ခြင်း<br>ဟိုတယ်၏သက်တမ်းမှာအနည်းဆုံး နှစ် (၆၀)ခန့် ဖြစ်ပြီး၊ ဝန်ထမ်းဦးရေ (၉၀)ခန့်ခန့်အပ်ထားမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်အသီးသီးခွဲဝေပေးခြင်းဖြင့် လုပ်ငန်းလည်ပတ်မည်ဖြစ်သည်။ |
| | ၄။ လုပ်ငန်းပိတ်သိမ်းခြင်း<br>ဟိုတယ်၏ သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ငန်းအားပိတ်သိမ်းမည်ဖြစ်သည်။ ထိုပိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်တွင် စီမံကိန်းမစခင်မူလအခြေအနေအတိုင်းဖြစ်အောင် အပင်များပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်။ |
| **ထင်ရှားသော သွင်ပြင် လက္ခဏာ** | |
| လုပ်ငန်းနယ်နိမိတ် | ပျမ်းမျှအားဖြင့် (၆၀.၄၈)ဧက |
| ရေသုံးစွဲမှု ပမာဏ | တစ်နေ့လျှင် ဂါလံ (၂၅၀၀) ခန့် |
| ရေအရင်းအမြစ် | အဆိုပြုစီမံကိန်းတည်ဆောက်ခြင်းနှင့်လည်ပတ်ခြင်းလုပ်ငန်းစဉ်များအတွက်ရေအရင်းအမြစ်မှာ သပြေရွာရှိ သဘာဝရေကန်(၅ မိုင်ကွာဝေး) မှဖြစ်ပြီး ရေသယ်ကားများဖြင့်သယ်ဆောင်ကာ သိုလှောင်သုံးစွဲရပါသည်။ စီမံကိန်းအတွက် တစ်နှစ်စာ ရေအရင်းအမြစ်လိုအပ်ချက်မှာဂါလံ(၅၀၀၀၀၀)ဖြစ်ပါသည်။သောက်ရေ အတွက်ကိုမူ သောက်ရေသန့်မှာယူသုံးစွဲမည်ဖြစ်ပါသည်။ ဧည့်သည်များသီးသန့်အသုံးပြုရန် ရေများအတွက်မြေအောက်တွင်ရေလှောင်ကန်တည်ဆောက်ထားရှိမည်ဖြစ်ပါသည်။ရေဆိုးများ၊ စွန့်ပစ်ရေများအားပြန်လည်သန့်စင်မှု စနစ်တပ်ဆင်ကာ ပြန်လည်သန့်စင်ပြီးရေများအားပန်းပင်များရေလောင်းခြင်း ၊စက်ပစ္စည်းများဆေးကြော ခြင်းနှင့် ဖုန်ထသောလမ်းများအား ရေလောင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| လျှပ်စစ်ပမာဏ အရင်းအမြစ် | ထရန်စဖော်မာ (500) KVA<br>ဒီဇယ်မီးစက် (200) KVA |
| လိုအပ်သော လျှပ်စစ်ပမာဏ | 260 KVA |
| ယာဉ်ပမာဏ | ထရက်ကား - ၂စီး<br>ရေသယ်ကား - ၂စီး<br>ဗင် - ၃စီး |

| | |
|---|---|
| ရင်းနှီးမြုပ်နှံငွေ | (ကျပ်သန်း)<br>ငွေပမာဏ - ၁၀၀<br>အဆောက်အဦးများ - ၃၇၁၄<br>စက်ပစ္စည်းကိရိယာများ - ၄၅၉<br>လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး - ၁၃၉၈<br>စုစုပေါင်း - ၅၆၇၁ |

## ၁.၁၀။ မြေအသုံးချမှု

အဆိုပြုစီမံကိန်း၏ စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ ၄၀၃.၂ ဧကဖြစ်ပါသည်။ အထက်တွင် ပြထားသည့် အတိုင်း မောင်းမကန်ဟိုတယ်ဇုံတွင် အဆင့်လေးဆင့်ပါဝင်မည်ဖြစ်သည်။ အဆင့်တစ် တွင် မြေဧက ၆၀.၄၈ ဧကအသုံးပြုမည်ဖြစ်သည်။ အဆင့်တစ်အတွက် မြေအသုံးပြုမှုတွင် သီဟိုဠ်သရက်စိုက်ပျိုးမြေများနှင့် လူနေထိုင်ခြင်းမရှိသည့် မြေလွတ်မြေရိုင်းများပါဝင်မည်ဖြစ်သည်။




ပုံ -

စီမံကိန်း၏လျာထားအဆင့်လေးဆင့်ပြပုံ

အောက်ဖော်ပြပါဇယားနှင့် ပုံတို့မှာ အဆိုပြု အဆင့်တစ် ဟိုတယ်ဇုန် စီမံကိန်း၏ 3km အချင်းဝက်အတွင်းရှိ မြေအသုံးချမှုများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

| Land Type | Percentage (%) |
|---|---|
| Water Bodies | 67.45 |
| Pinle-Kabwe | 0.29 |
| Thiho-thayet | 0.15 |
| Residential area | 7.41 |
| Other Hotel & Resort | 0.06 |
| Plantation | 1.51 |
| Project Area | 0.20 |
| Forest Land | 20.09 |
| Bush | 1.65 |
| Agricultural land | 1.17 |




ပုံ - အဆိုပြုစီမံကိန်း၏မြေအသုံးချမှုပြပုံ

အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း မောင်းမကန်ဟိုတယ်ဇုန်စီမံကိန်းတွင် အဆင့်လေးဆင့်ပါဝင်မည်ဖြစ်ပြီး ဤ IEE အစီရင်ခံစာသည် အဆင့် ၁ ကိုသာလွှမ်းခြုံနိုင်မည်ဖြစ်ပါသည်။ အဆင့် ၁ တွင် မြေ ၆၀.၄၈ ဧက အသုံးပြုသွားမည်ဖြစ်ပြီး ကျန်မြေများကို အဆင့် ၂မှ ၄အထိ အဆင့်ဆင့်အသုံးပြုသွားမည်ဖြစ်ပါသည်။

## ၁.၁၁။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းနယ်နိမိတ်


ပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများအားလုံးသည် အဆိုပြုစီမံကိန်း၏ ၃ ကီလိုမီတာ ပတ်လည်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ ၃ ကီလိုမီတာပတ်လည်တွင် ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ (၁) အရေးပေါ်အခြေအနေ (မီးလောင်ခြင်း) အတွင်း သက်ရောက်မှုနယ်ပယ်များ (၂) ယာဉ်ကြော ပိတ်ဆို့မှုနှင့်လမ်းမတော်မဆမှုများကြောင့် သက်ရောက်မှုများ (၃) လူဦးရေရုတ်တရက်တိုးပွားလာမှုကြောင့် သက်ရောက်မှုများ (အဓိကအားဖြင့် သောက်သုံးရေရှားပါးမှုပြဿနာများ) နှင့် (၄) အမြင်ပသာဒဆိုင်ရာ သက်ရောက်မှုများ အားလုံးအတွက် အကျုံးဝင်ရန်ဖြစ်သည်။

## ၁.၁၂။ ၃ ကီလိုနယ်နိမိတ်အတွင်းရှိ လူနေအိမ်များ

၃ ကီလိုနယ်နမိတ်အတွင်းရှိ လူနေအိမ်များမှာ

(က) ကဗ္ဗီးနှစ်ပင်ရွာ နှင့်

(ခ) မောင်းမကန်ကျေးရွာအုပ်စုတို့ဖြစ်သည်။




ပုံ - အဆိုပြုစီမံကိန်း၏ ၃ ကီလိုမီတာပတ်လည်ရှိ လူနေအိမ်များ

နေထိုင်များဟုဆိုရာတွင် ကမ်းခြေတစ်လျှောက် ဆိုင်ခန်းများနှင့် ဟိုတယ်ဇုန်အနီးတစ်ဝိုက်ရှိ ခေါင်းရွက်ပင်လယ်စာဈေးရောင်းသူများလည်းပါဝင်သည်။

## ၁.၁၃။ အဆိုပြုစီမံကိန်းအနီးတစ်ဝိုက်ရှိ ထိရှလွယ်သော ပတ်ဝန်းကျင်နေရာများ

အဆိုပြုစီမံကိန်းအနီးတစ်ဝိုက်ရှိ အနီးစပ်ဆုံးသော ထိရှလွယ်ဧရိယာများမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် | အကွာအဝေး (ကီလိုမီတာ) |
|---|---|---|---|
| ၁။ | အနီးဆုံးလူနေရပ်ကွက် | ကဗွီးနှစ်ပင် | ၁ |
| ၂။ | အနီးဆုံး မျက်နှာပြင်ရေထု | ပန်းဒက်အင်း ချောင်း<br>ကပ္ပလီပင်လယ် | ၀.၈၄<br>၀.၂၈ |
| ၃။ | အနီးဆုံးလူနေအထူထပ်ဆုံးနေရာ | မောင်းမကန် ကျေးရွာ | ၁.၆၄ |
| ၄။ | အနီးဆုံးလမ်း | မောင်းမကန်လမ်း | ၁.၄ |




ပုံ - စီမံကိန်းအနီးပတ်ဝန်းကျင်ပြပုံ

## ၁.၁၄။ ဇီဝမျိုးစုံမျိုးကွဲ

အဆိုပြုစီမံကိန်း အနီးပတ်ဝန်းကျင်စစ်တမ်းကောက် တိုင်းတာချက်များအရ ကုန်းပေါ်အပင်နှင့် တိရစ္ဆာန်အရေအတွက်မှာ နည်းပါးကြောင်းတွေ့ရှိရပါသည်။ တိုက်ရိုက်ကြည့်ရှုလေ့လာခြင်းနည်းလမ်းဖြင့် သစ်ပင် ပန်းမန်နှင့် တိရစ္ဆာန်များကိုစနစ်တကျနမူနာကောက်ယူခြင်းဖြင့် ကွင်းဆင်းလေ့လာခဲ့ပါသည်။ စစ်တမ်း ကောက်ယူချက်များအရအပင် မျိုးရင်း(၃၄)ခုမှ မျိုးစိတ်ပေါင်း(၇၆)မျိုးကိုတွေ့ရှိရပါသည်။ ၎င်းမျိုးစိတ်များထဲမှ သစ်ပင်မျိုးစိတ် (၄၀.၈၀%) ၊ ခြုံပင်မျိုးစိတ် (၁၉.၇၀%)၊ အပင်ပျော့ (၁၄.၅၀%) ၊ အပင်ငယ်မျိုးစိတ် (၁၁.၈၀%)၊ နွယ်တက်ပင် (၇.၉၀%)နှင့် မြက်မျိုးစိတ် (၅.၃၀%) တို့ပါဝင်ပါသည်။ မျိုးတုန်းပျောက်ကွယ်ရန် အန္တရာယ် ရှိသော အပင်မျိုးစိတ်အနေ ဖြင့် ဒီရေတောအပင်မျိုးစိတ်တစ်ခုဖြစ်သော Aegialitis rotundifolia (Pinle-sa) အား တွေ့ရှိပါသည်။ အကောင်မျိုးစိတ်များအနေဖြင့် ကုန်းနေရေနေသတ္တဝါ နှင့် တွားသွားသတ္တဝါ (၁၃) မျိုး၊ ငှက်မျိုးစိတ် (၁၂) မျိုး၊ ငါးမျိုးစိတ် (၁၅ မျိုး)၊ နို့တိုက်သတ္တဝါ မျိုးစိတ် (၁)မျိုးနှင့် zooplankton မျိုးစိတ် (၃) မျိုးအား တွေ့ရှိရပါသည်။ မျိုးတုံးပျောက်ကွယ်ရန် အန္တရာယ်ရှိသောမျိုးစိတ်များအား စီမံကိန်း အနီးပတ်ဝန်းကျင်တွင် မတွေ့ရှိရပါ။ မျိုးကွဲနည်း၍ အရေအတွက်နည်းသော Zooplankton မျိုးစိတ်ကိုမူ အပြောက်အမြားတွေ့နိုင်သည်။ သက်ရောက်မှုများဆန်းစစ်လေ့လာပြီးတွေ့ရှိချက်အရ အဆိုပြုစီမံကိန်းသည် ကုန်းနေ ရေနေ ပတ်ဝန်းကျင်အပေါ်တွင် သိသာထင်ရှားမှုမရှိသော သွယ်ဝိုက်သက်ရောက်မှုမျိုးသာရှိကြောင်းတွေ့ရသည်။ အပင်မျိုးစိတ်၊ သတ္တဝါမျိုးစိတ်များပေါ် သက်ရောက်နိုင်မှုအတိုင်းအတာသည် အချိန်အပိုင်းအခြားတစ်ခု အတွင်းသို့မဟုတ် အမြဲထာဝစဉ် သက်ရောက်နေမှုမျိုးလည်းဖြစ်နိုင်သည်ဟု ယူဆရသည်။

## ၁.၁၅။ အဓိကထိခိုက်နိုင်မှုများနှင့်လျှော့နည်းသက်သာစေရန်လုပ်ဆောင်ရမည့်နည်းလမ်းများ

အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဓိကသက်ရောက်နိုင်မှုများနှင့် လျှော့နည်းသက်သာစေရန် လုပ်ဆောင်ရမည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ထိခိုက်မှုအနှစ်ချုပ်နှင့်လျော့နည်းသက်သာစေရန်လုပ်ဆောင်ရမည့်နည်းလမ်းများအကျဉ်းချုပ်

| စဉ် | လုပ်ငန်းစဉ် | အဓိကထိခိုက်နိုင်မှုများ | လျော့နည်းသက်သာစေရန်လုပ်ဆောင်ရ မည့်နည်းလမ်းများ |
|---|---|---|---|
| ၁။ | တည်ဆောက်ခြင်းလုပ်ငန်းစဉ် | ရေမြောင်းများ ပိတ်ဆို့ခြင်း | ပိတ်ဆို့သွားသောရေမြောင်းများအား အစားပြန်လည်တူးဖော်ပေးပါမည်။ |
| | | လမ်းပိတ်ဆို့ခြင်းနှင့် ယာဉ်အန္တရာယ် | - ဆောက်လုပ်ရေးပစ္စည်းများအား ညဖက်တွင်သာ သယ်ယူပါမည်။ |
| | | အမြင်မတင့်တယ်မှု | - တည်ဆောက်ရေးလုပ်ဆောင်နေစဉ်အတွင်း အဆောက်အဦး အပြင်ဘက်တွင်ကာရံထားရှိပါမည်။ |
| ၂။ | လည်ပတ်ခြင်း | ရေထု/မြေထု ညစ်ညမ်းမှု | - ရေဆိုးရေညစ်များကိုပြုပြင်၍ပြန်လည်အသုံးပြုပါမည်။<br>- သင့်တော်သောရေနုတ်မြောင်းစနစ်ကိုထားရှိပေးပါမည်။<br>- စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ထားရှိပါမည်။<br>- ပြန်လည်အသုံးပြုနိုင်သော လုပ်ငန်းသုံးအမှိုက်များနှင့် အိမ်သုံးအမှိုက်များ ပြန်လည်အသုံးပြုသွားမည်ဖြစ်ပါသည်။ ၎င်းအမှိုက်များအား အမျိုးအစားခွဲခြားပြီး စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ စွန့်ပစ်သွားမည် ဖြစ် ပါသည်။ |
| | | - မြေအောက်ရေလျော့နည်းခြင်း | - ဒေသတွင်းရေထိခိုက်မှုမရှိအောင် မြေပေါ်ရေပြင်ဆင်၍အသုံးပြုပါမည်။<br>- မိုးရာသီတွင်ရေများသိုလှောင်၍ နွေရာသီတွင်မြေပေါ်ရေအသုံးမပြုဘဲ၎င်းရေများကို အသုံးပြုပါမည်။ |
| | | -ယာဉ်ကြော ပိတ်ဆို့ခြင်း | - ယာဉ်ကြောစီမံခန့်ခွဲမှုအစီအမံများနှင့် လက်ရှိလမ်းအားအဆင့်မြှင့်တင်ပြုပြင်ပေးပါမည်။ |
| | | မီးဘေးအန္တရာယ် | - မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့် အရေးပေါ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ရေးစီမံချက် (EPRP) တို့က ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ |

## ၁.၁၆။ လူထုပူးပေါင်းပါဝင်မှုရှိရေး လုပ်ဆောင်ထားရှိချက်များအကျဉ်းချုပ်

လူထုပူးပေါင်းပါဝင်ခြင်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရေးအတွက် အဓိက အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သဖြင့် ထိရောက်မှုရှိသော လူထုပူးပေါင်းပါဝင်ခြင်း လုပ်ငန်းစဉ်များ ဖြစ်စေရန် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်သွားရှိပါမည်။

(က) အဓိကသက်ဆိုင်သူများဖော်ထုတ်ခြင်း (**Stakeholder Engagement and Identification)**

**(**ခ) အဓိကသက်ဆိုင်သူများ တွေ့ဆုံပွဲပြုလုပ်ခြင်းနှင့်လူနေရပ်ကွက်များအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခြင်း (**Focus group discussion and household survey)**

**(**ဂ) လူထုတွေ့ဆုံပွဲများပြုလုပ်ခြင်း (**Public meeting)**

**(**ဃ) အစီရင်ခံစာအားချပြဆွေးနွေး အကြံဉာဏ်ရယူခြင်း (**Public disclosure process)**

### (က) အဓိကသက်ဆိုင်သူများ သတ်မှတ်လုပ်ဆောင်ခြင်း

စီမံကိန်းနှင့်ပက်သက်ပြီး အဓိကသက်ဆိုင်သူများအနေဖြင့် အောက်ဖော်ပြပါ သက်ရောက်သူများအား သတ်မှတ်ထားရှိပါသည်။

(က) ဒေသခံပြည်သူများ (မောင်းမကန်ကျေးရွာအုပ်စု၊ ကဗ္ဗီးနှစ်ပင်)

(ခ) အနီးအနားရှိကျေးရွာများမှကျေးရွားသူ၊သားများ နှင့်အုပ်ချုပ်ရေး အဖွဲ့ဝင်များ (မောင်းမကန်ကျေးရွာ အုပ်စု၊ ကဗ္ဗီးနှစ်ပင်)

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(တနင်္သာရီ)

(ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထားဝယ်၊ လောင်းလုံ)

(င) စည်ပင်သာယာရေးကော်မတီ (ထားဝယ်၊ လောင်းလုံ)

(စ) ကျန်းမာရေးဦးစီးဌာန (ထားဝယ်၊ လောင်းလုံ)

(ဆ) စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန (ထားဝယ်)

(ဇ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ထားဝယ်၊ လောင်းလုံ)

(ဈ) ရေအရင်းအမြစ်နှင့်အသုံးချရေးဦးစီးဌာန (ထားဝယ်)

(ည) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန (ထားဝယ်)

(ဋ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ (မောင်းမကန်)

(ဃ) သစ်တောဦးစီဌာန (ထားဝယ်၊လောင်းလုံ)

(ဃ) ဒေသအခြေစိုက်မီဒီယာများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများအစရှိသည်တို့ပါဝင်မည်ဖြစ်ပါသည်။

### (ခ) လူနေရပ်ကွက်များအတွင်းသို့ကွင်းဆင်းဆောင်ရွက်ခြင်း

လူနေရပ်ကွက်များအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခြင်းအနေဖြင့် ကဗွီးနှစ်ပင်ကျေးရွာနှင့် မောင်းမကန်ကျေးရွာ အုပ်စုများအတွင်းသို့ ၄ ရက်ခန့် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

### (ဂ) လူထုတွေ့ဆုံပွဲများပြုလုပ်ခြင်း

လူထုတွေ့ဆုံပွဲကို (၂)ကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

### (၁) ပထမအကြိမ်လူထုတွေ့ဆုံပွဲ

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွင်း ပထမအကြိမ်လူထုတွေ့ဆုံပွဲကို (၇.၄.၂၀၁၈)တွင် မောင်းမကန်ကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ပါသည်။ လူထုတွေ့ဆုံပွဲအတွင်း စီမံကိန်းကြောင့် တိုက်ရိုက်(သို့) သွယ်ဝိုက်ထိခိုက်သည့် ဒေသခံလူထု (၁၈၀) ကျော် တက်ရောက်ခဲ့ပါသည်။ ပထမအကြိမ် လူထုတွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များမှာ

(၁) ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း၏ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ကြေညာရန်

(၂) ဖြစ်နိုင်ချေရှိသော ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများအကြောင်း ဆွေးနွေးရန်

(၃) အဓိကသက်ရောက်နိုင်မှုဧရိယာများကို ဆွေးနွေးရန်

(၄) ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို ရှောင်ရှားနိုင်မည့် အခြားနည်းလမ်းများအကြောင်း ဆွေးနွေးရန်

(၅) ဖြစ်နိုင်ချေရှိသောပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ၎င်းတို့အားလျော့ပါးစေရန် လုပ်ဆောင်ချက်များကို ဖော်ထုတ်ခြင်း၊ ခွဲခြားခြင်းတို့အကြောင်း ဆွေးနွေးရန်။

ပထမအကြိမ်လူထုတွေ့ဆုံပွဲမှ ကောက်ယူရရှိသော လူထုစိုးရိမ်ပူပန်မှုများသည် နယ်နိမိတ်သတ်မှတ်ခြင်း အစီရင်ခံစာအတွက်လူထုတွေ့ဆုံပွဲတွင် ကောက်ယူရရှိချက်များနှင့် အတူတူပင်ဖြစ်သည်။

### (၂) ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲ

ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲကို ထားဝယ်မြို့၌ (၁၉.၅.၂၀၁၈)တွင် အောက်ပါရည်ရွယ်ချက်များအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

(၁) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ရှောင်ရှားနိုင်မည့် အခြားနည်းလမ်းများအကြောင်း ဆွေးနွေးရန်

(၂) အဆိုပြုစီမံကိန်း၏ အဓိကသက်ရောက်နိုင်မှုများကို ကြေညာရန်

(၃) ၎င်းသက်ရောက်မှုများကို လျော့ပါးစေရေးနည်းလမ်းများအကြောင်း ဆွေးနွေးရန်

(၄) စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာရေးအစီအစဉ်များအကြောင်း ဆွေးနွေးရန်

*ကွင်းဆင်းကောက်ယူခြင်းနှင့် လူထုတွေ့ဆုံပွဲမှ ရရှိလာသော လူထုလိုအပ်ချက်များ*

ကွင်းဆင်းကောက်ယူခြင်းနှင့် လူထုတွေ့ဆုံပွဲများအတွင်း ဒေသခံပြည်သူများ အဆိုပြုစီမံကိန်းမှမျှော်လင့် သောကောင်းမွန်သည့်ရလဒ်များနှင့် အဆိုပြုစီမံကိန်းကြောင့် စိုးရိမ်ပူပန်ရမှုများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ကွင်းဆင်းကောက်ယူခြင်းမှ လူထုစိုးရိမ်ပူပန်မှုများနှင့်လိုအပ်ချက်များအတွက် ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများနှင့်၎င်းသက်ရောက်မှုများကို လျော့ပါးစေရေးနည်းလမ်းများကို အကဲဖြတ်သုံးသပ်၍ထည့်သွင်းစဉ်းစားထားပါသည်။ ထို့အပြင်စီမံကိန်းဆောင်ရွက်သူသည် အောက်ပါဖော်ပြထားသည့်အတိုင်းဒေသခံပြည်သူအတွက်လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| ရွာအမည် | လူထုစိုးရိမ်ပူပန်မှုနှင့်လိုအပ်ချက်များ | လူထုလိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများအတွက် အကောင်အထည် ဖော်ပြီးမှုများ |
|---|---|---|
| *ကဗွီးနှစ်ပင်* | သီဟိုဠ်သရက်ပင်များပေါ်မှီခို၍ ဝင်ငွေရရှိနေသည့်ပြည်သူများအတွက်အလုပ်အကိုင်ဆုံးရှုံးခြင်း | - ဒေသခံပြည်သူ ၅၀ ကျော် အား အလုပ်ခန့်ထားပြီးဖြစ်သည်။<br>- ဒေသခံပြည်သူများအား သာမန်မှကျွမ်းကျင်သူများဖြစ်လာစေရန် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများပေးပါမည်။ |
| | ပင်လယ်ကမ်းစပ်သို့သွားရာရွာလမ်းများပိတ်ဆို့ခြင်း | • ပင်လယ်ကမ်းစက်သို့သွားရာအစားထိုးလမ်းများဖောက်လုပ်ပေးပါမည်။ |
| | အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း | • ဒေသခံပြည်သူ ၅၀ ကျော်အား အလုပ်ခန့်ထားပြီးဖြစ်သည်။<br>• အလုပ်အကိုင်အခွင့်အလမ်းရာကျော်ဖန်တီးပေးထားပြီးဖြစ်သည်။ |
| | သီဟိုဠ်သရက်ပင်များနည်းသောကြောင့် ပင်လယ်မှလေများပြင်းထန်စွာတိုက်ခတ်မှုရှိခြင်း | • သီဟိုဠ်သရက်ပင်များတတ်နိုင်သမျှထိန်းသိမ်းထားပါ မည်။<br>• အပင်များရှောင်လွဲ၍မရသောကြောင့်ခုတ်ခဲ့ရပါက သီဟိုဠ်သရက်ပင်များပြန်လည်စိုက်ပျိုးပေးပါမည်။ |
| | ရွာလမ်းများပိုကောင်းအောင်ပြုလုပ်စေခြင်း | • လူမှုဖွံ့ဖြိုးရေးရန်ပုံငွေကို အကျိုးရှိအောင်ပုံမှန်အသုံးပြုသွားပါမည်။ |

| | | |
|---|---|---|
| | သဲသောင်တူးခြင်းကြောင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိခြင်း | • အစိုးရခွင့်ပြုချက်ဖြင့်သာသဲသောင်တူးခဲ့ခြင်းဖြစ်ပြီး ဆက်လက်လုပ်ဆောင်ခြင်းမရှိတော့ပါ။ |
| | မြေအသုံးချမှု | • ကနဦးချထားပေးသည့် မြေဧရိယာဧက ၈၀ ကျော်အား ကျေးရွာမြေအဖြစ် ပြန်လည် ပေးအပ်ပါမည်။ |
| | အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း | • ဒေသခံပြည်သူ ၅၀ ကျော်အား အလုပ်ခန့်ထားပြီးဖြစ်သည်။<br>• အလုပ်အကိုင်အခွင့်အလမ်းရာကျော်ဖန်တီးပေးထားပြီးဖြစ်သည်။<br>• ဒေသခံပြည်သူများအား သာမန်မှကျွမ်းကျင်သူများဖြစ်လာစေရန် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသင်တန်း များပေးပါမည်။ |
| | ဘက်စုံဒေသဖွံ့ဖြိုးတိုးတက်ရေး | • ဒေသခံပြည်သူများအတွက် ကောင်းကျိုးများကိုသာ ဦးစားပေးပါမည်။<br>• လူမှုဖွံ့ဖြိုးရေးရန်ပုံငွေကို အကျိုးရှိအောင် ပုံမှန်အသုံးပြုသွားပါမည်။ |
| | ကျေးရွာမြေအတွက်မြေယာခွင့်ပြုမိန့်လိုအပ်ခြင်း | • DDPC သည် မြေယာထောက်ပံ့မှုရရှိရန်အတွက်ဒေသခံပြည်သူများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ |
| မောင်းမကန် | လူမှုဖွံ့ဖြိုးရေးရန်ပုံငွေအား သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ လူမှုဖွံ့ဖြိုးရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်၍အသုံးပြုခြင်း | • လူမှုဖွံ့ဖြိုးရေးရန်ပုံငွေအား DDPC ကုမ္ပဏီမှကိုင်ဆောင်ခြင်းပြုမည်မဟုတ်ဘဲ ဒေသခံ ပြည်သူများ (သို့) အဖွဲ့အစည်းကို လွှဲပြောင်းပေးမည်ဖြစ်ပြီး လက်ရှိလူမှုဖွံ့ဖြိုးရေးအစီအစဉ်များတွင်ဆက်လက်ပါဝင်လုပ်ဆောင်သွားပါမည်။ |
| | • ရုပ်သံ ပညာဒစ်သင်ကြားမှုနှင့် အခြား ပညာရေးထောက်ပံ့မှု များ မြှင့်တင်ခြင်းဖြင့် ပညာ ရေးကဏ္ဍ တိုးတက်စေရေး<br>• ရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ခြင်းဖြင့် ကျန်းမာရေး အစောင့်အရှောက်များကို ထောက်ပံ့ပေးခြင်း<br>• လျှပ်စစ်မီးရရှိရေး<br>• အဆိုပြု ဟိုတယ်ဇုန်သို့သွားရာလမ်းကို ပိုကောင်းအောင် ပြုပြင်ပေးခြင်း | • လူမှုဖွံ့ဖြိုးရေးရန်ပုံငွေကို အကျိုးရှိအောင် ပုံမှန်အသုံးပြုသွားပါမည်။<br>• ဒေသခံလူထုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ |
| | • မြေအသုံးချမှု | • အသုံးပြုထားသော ကျေးရွာမြေ ၈၀ဧကကို ပြန်လည်ပေးအပ်သွားပါမည်။ |

| | | |
|---|---|---|
| | | • စီမံကိန်းအား ခွင့်ပြုထားသောမြေအတွင်းသာ လုပ်ဆောင်သွားပါမည်။ |
| | • မြေအောက်ရေလျော့နည်းခြင်း | • ဒေသတွင်းရေအသုံးပြုမှုကို ထိခိုက်မှုမရှိအောင် အခြားရေအရင်းအမြစ်များမှ သုံးစွဲပါမည်။ |
| | • စီမံကိန်းဧရိယာအတွင်း ဖြတ်သန်းသွားသော ငါးဖမ်းသမားများအတွက် ယာဉ်မတော်တဆမှုများနှင့် ပတ် သက်၍ စိုးရိမ်မှု | • ငါးဖမ်းသမားများအတွက် သွားလာရေးအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ |
| | • ယာဉ်မတော်တဆဖြစ်မှုများ တိုးပွားလာခြင်း | • ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို လိုက်နာ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များတပ်ဆင်ထားပါမည်။ |
| | • နိုင်ငံခြားခရီးသွားများ တိုးပွားလာခြင်းကြောင့် ဒေသတွင်းယဉ်ကျေးမှုများ အနှောင့်အယှက်ဖြစ်ခြင်း | • ဟိုတယ်ဒီဇိုင်း၊ ဝန်ဆောင်မှုများနှင့် စားသောက်ဆိုင်စသည်တို့တွင် ဒေသတွင်းယဉ်ကျေးမှုများ ထိန်းသိမ်း၍ လုပ်ဆောင်ထားပါမည်။ |

### (ဃ) အများပြည်သူသို့ထုတ်ဖော်တင်ပြခြင်း

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၏ အစီရင်ခံစာအကျဉ်းချုပ်ကို မြန်မာဘာသာဖြင့် သက်ဆိုင်ရာဌာနများ၊ လူထုများထံသို့ ထုတ်ပြန်ထားရှိမည်ဖြစ်ပါသည်။ အစီရင်ခံစာ အပြည့်အစုံအား DDPC Website တွင်တင်ပြထားရှိမည်ဖြစ်ပါသည်။

## ၁.၁၇။ ဒေသခံလူထုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် တာဝန်သိလူမှုဖွံ့ဖြိုးရေးရံပုံငွေ

**DDPC** သည်ဒေသခံလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားရှိသည့် ဒေသခံကုမ္ပဏီဖြစ်သည်နှင့်အညီ ဒေသခံများထိခိုက်နစ်နာမှုမရှိစေယုံသာမက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အတွက်လည်း စီမံကိန်းများလျာထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ တာဝန်သိလူမှုဖွံ့ဖြိုးမှုရံပုံငွေအား အသားတင်အမြတ်ငွေ၏ ၂% အနည်းဆုံးထားရှိပါမည်။ သဘာဝပတ်ဝန်းကျင် လျော့ပါးရေးနှင့် စောင့်ကြည့်ရေး ကုန်ကျစရိတ်များကို လူမှုဖွံ့ဖြိုးရေးရန်ပုံငွေတွင် ထည့်သွင်းထားမည်မဟုတ်ပါ။

## ၁.၁၈။ အနှစ်ချုပ်သုံးသပ်ချက်

အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ်သက်ရောက်မှုများအား ဤကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် တင်ပြထားပါသည်။ ထို့အပြင် ဟိုတယ်လုပ်ငန်းများကို မထိခိုက်နိုင်သောသင့်လျော်သည့် ဆိုးကျိုးလျော့ချရေးလုပ်ငန်းများနှင့် ကောင်းမွန်သောပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ

အားလည်း ထည့်သွင်းဖော်ပြထားပါသည်။ စီမံကိန်း၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအရ ဤအစီရင်ခံစာတွင်ဖော်ပြထားသော သင့်လျော်သော သက်ရောက်မှုလျော့ပါးစေရေးအစီအမံများဖြင့် အဓိကနှင့်အသေးစား ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများအားလုံးကို လျှော့ချနိုင်ပါသည်။ အနှစ်ချုပ်အားဖြင့်ဆိုသော် အဆိုပြုထားသောစီမံကိန်းတွင် မျှော်မှန်းထားသော ဆိုးကျိုးများအားလုံးကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် သင့်လျော်သောလျော့ပါးရေးအစီအမံများဖြင့် လျှော့ချနိုင်သည်ဟုသုံးသပ်ရပါ သည်။ ထို့ကြောင့် DDPC ကုမ္ပဏီသည် ဤအစီရင်ခံစာတွင်ဖော်ပြထားသော သက်ရောက်မှုလျော့ပါးစေရေး အစီအမံများအားလုံးကို လုပ်ဆောင်မည်ဆိုပါက အဆိုပြုထားသောဟိုတယ်ဖုန်စီမံကိန်းကို လည်ပတ်ခွင့်ပြုနိုင်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။